JUSTICE FOR MYANMAR

# သတင်းထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ ဩဂုတ် ၃၁ ရက် | မြန်မာ**

## မြန်မာစစ်ရာဇဝတ်ကောင်ဦးဆောင်ပြီး စက်တင်ဘာလတွင်ကျင်းပမည့် လေတပ်ညီလာခံကို ဖျက်သိမ်းရန် အာဆီယံအား JFM တောင်းဆို

စက်တင်ဘာလ ၁၂ ရက်နေ့မှ ၁၅ ရက်နေ့အထိ ပြုလုပ်မည့် အာဆီယံ လေတပ်အကြီးအကဲများ ညီလာခံ တစ်ရပ်ကို နေပြည်တော်တွင် ကျင်းပရန် စီစဉ်လျက်ရှိပြီး၊ အဆိုပါညီလာခံကို တရားမဝင် မြန်မာစစ်အုပ်စု လေတပ်ကာကွယ်ရေးဦးစီးချုပ်က အိမ်ရှင်အဖြစ် ဦးဆောင်မည်ဖြစ်ကြောင်း Justice For Myanmar ၏ သတင်းရင်းမြစ်တစ်ခုအရ သိရသည်။

မြန်မာစစ်အုပ်စုက ပြည်သူများအပေါ် အကြမ်းဖက်စစ်ဆင်ရေးတစ်ရပ် ဆင်နွှဲကာ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို အပြစ်ပေးအရေးယူခံရခြင်း အလျဉ်းမရှိ ကျူးလွန် နေချိန်တွင် အာဆီယံအနေဖြင့် အဆိုပါညီလာခံကို ဖျက်သိမ်းပေးရန်နှင့် မြန်မာစစ်အုပ်စု၏ ကြည်းတပ်၊ လေတပ်၊ ရေတပ်တို့အတွက် အာဆီယံက တိုက်ရိုက်ပံ့ပိုးကူညီမှုများ ဆက်လက်လုပ်ဆောင်နေမှုအပေါ် Justice For Myanmar က ပြင်းပြင်းထန်ထန် ရှုတ်ချလိုက်ပါသည်။

လက်ရှိအချိန်တွင် အာဆီယံလေတပ်အကြီးအကဲများ ညီလာခံ (AACC) ကို စစ်အုပ်စု၏ လေတပ်ကာကွယ်ရေး ဦးစီးချုပ် စစ်ရာဇဝတ်ကောင် ဗိုလ်ချုပ်ကြီးထွန်းအောင်က သဘာပတိအဖြစ် ဆောင်ရွက်လျက် ရှိပြီး၊ ၎င်းသည် လေတပ်ကာကွယ်ရေးဦးစီးချုပ်အဖြစ် ခန့်အပ်ခံရသည့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလနောက်ပိုင်း မြန်မာနိုင်ငံတဝန်း အရပ်သားပြည်သူများအပေါ် အဆင်ခြင်မဲ့ လေကြောင်းတိုက်ခိုက်မှုများကို အမိန့်ပေးကွပ်ကဲခဲ့သူ ဖြစ်သည်။

ထွန်းအောင် တိုက်ရိုက်ဦးစီးကွပ်ကဲ ကျူးလွန်သည့် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ၏ သက်သေအထောက်အထား အများအပြား ရှိနေပါသည်။

လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ တည်နေရာနှင့် ဖြစ်ရပ်မှတ်တမ်းစီမံကိန်း (ACLED) ၏ အချက်အလက်များ အရ ထွန်းအောင်သည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အတွင်း လေကြောင်းတိုက်ခိုက်မှုပေါင်း ၉၃၀ ကျော်ကို အမိန့်ပေးကွပ်ကဲခဲ့ပြီး၊ လူပေါင်း ၁၀၀၀ နီးပါးကို သေဆုံးစေ ခဲ့သည်။

ထွန်းအောင်သည် အရပ်သားပြည်သူများအပေါ် မဆင်မခြင် အကြမ်းဖက်လေကြောင်းစစ်ဆင်ရေး များမှတဆင့် အမျိုးသား၊ အမျိုးသမီးနှင့် ကလေးသူငယ်များအား သတ်ဖြတ်ခြင်း၊ လူနေအိမ်များ၊ စာသင်ကျောင်းများ၊ ကိုးကွယ်ဝတ်ပြုရာဘာသာရေးနေရာများနှင့် ရပ်ရွာများအား ဖျက်ဆီးခြင်းတို့ ကို အမိန့်ပေးကွပ်ကဲခဲ့သည်။

၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ တွင် ထွန်းအောင်၏ အမိန့်ပေးကွပ်ကဲမှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဇီကြီး ကျေးရွာ၌ စုရုံးရောက်ရှိနေသည့် အရပ်သားပြည်သူများပေါ် လေကြောင်းဖြင့် တိုက်ခိုက်ကာ အစုအလိုက် အပြုံလိုက် သတ်ဖြတ်ခဲ့သည်။ အဆိုပါတိုက်ခိုက်သတ်ဖြတ်မှုတွင် ကလေးသူငယ် ၄၀ ဦးအပါအဝင် အနည်းဆုံး လူပေါင်း ၁၆၈ ဦးအား သေဆုံးစေခဲ့သည်။

ထို့အပြင် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကချင်ပြည်နယ်၊ ဖားကန့်မြို့ရှိ တေးဂီတ ဖျော်ဖြေပွဲ တစ်ခု၌ စုရုံးရောက်ရှိနေကြသူများအပေါ် ထွန်းအောင်၏ အမိန့်ပေးကွပ်ကပ်မှုဖြင့် ကျူးလွန်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး လူပေါင်း ၈၀ ကျော် သေဆုံးခဲ့ရသည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး၊ လက်ယက်ကုန်းရွာ စာသင်ကျောင်း အပေါ် ထွန်းအောင်၏ အမိန့်ပေးကွပ်ကဲမှုဖြင့် ကျူးလွန်ခဲ့သည့် လေကြောင်းတိုက် ခိုက်မှုတစ်ခုကြောင့် အနည်းဆုံး လူပေါင်း ၁၂ ဦး သေဆုံးခဲ့ရသည်။

စစ်အုပ်စု၏ ပဇီကြီးကျေးရွာ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုအား အပြင်းအထန် ရှုတ်ချကြောင်း အာဆီယံ ဥက္ကဋ္ဌက ထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ ယခုအခါတွင် အာဆီယံသည် အဆိုပါအမှု ကျူးလွန် ရာတွင် အဓိကပါဝင်သူတစ်ဦးကို ဂုဏ်ပြုလျက်ရှိသည်။

လက်ရှိအချိန်အထိ အမေရိကန်ပြည်ထောင်စု၊ ယူကေ၊ အီးယူနှင့် ကနေဒါနိုင်ငံတို့က ထွန်းအောင်အား ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ထားသည်။

ထွန်းအောင်အား ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ၊ ၄ ရက်နေ့တွင် အာဆီယံ လေတပ်အကြီးအကဲများညီလာခံ၏ သဘာပတိအဖြစ် ခန့်အပ်ခဲ့ပြီး၊ အာဆီယံလေတပ်အကြီးအကဲများအစည်းအဝေးကို ဦးဆောင် ကျင်းပခွင့် ပေးခဲ့ သည်။ အာဆီယံ၏ ဆုံးဖြတ်ချက်သည် စစ်အုပ်စု၏ နိုင်ငံတကာရာဇဝတ်မှုများကို ကောင်းစွာ သိရှိနေပါလျက် ပံ့ပိုးကူညီနေသည့် နောက်ထပ်အထောက်အထားတစ်ရပ်ပင် ဖြစ်သည်။

အာဆီယံက ကျင်းပရန် စီစဉ်ထားသည့် လေတပ်အကြီးအကဲများညီလာခံသည် တရားမဝင်စစ်အုပ်စုနှင့် ဆောင်ရွက်သည့် ကျယ်ပြန့်သော ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏

အစိတ်အပိုင်းသာ ဖြစ်သည်။ အာဆီယံသည် စစ်အုပ်စုကို ကြည်း၊ ရေ၊ လေ အကြမ်းဖက်မှု တန်ပြန်တိုက်ခိုက်ရေးနှင့် ရဲလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဦးဆောင်ရန် ခန့်အပ်ထားသည်။

အာဆီယံသည် ဩဂုတ်လအတွင်း အကြမ်းဖက်မှုတန်ပြန်တိုက်ခိုက်ရေး စစ်ရေးလေ့ကျင့်မှု တစ်ရပ်ကို နေပြည်တော်တွင် ကျင်းပခဲ့ပြီး၊ အကြမ်းဖက်မှု တန်ပြန်တိုက်ခိုက်ရေးဆိုင်ရာ လက်တွေ့မြေပြင်စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကိုလည်း စက်တင်ဘာလ ၂၅ ရက်နေ့မှ ၃၀ ရက်နေ့အထိ ရုရှားနိုင်ငံတွင် ကျင်းပရန် စီစဉ်လျက်ရှိသည်။ အဆိုပါလေ့ကျင့်မှုနှစ်ရပ်လုံးကို စစ်အုပ်စုက ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

ပြီးခဲ့သည့် မေလတွင် အာဆီယံသည် အာဆီယံရေတပ်အကြီးအကဲများ အစည်းအဝေးကို ဦးဆောင် ကျင်းပရန် စစ်အုပ်စုရေတပ်အကြီးအကဲကို ခန့်အပ်ခဲ့ပြီး၊ စစ်အုပ်စုသည် အာဆီယံရေတပ်အကြီးအကဲများညီလာခံ တစ်ရပ်ကိုလည်း လက်ခံကျင်းပသွားရန်ရှိနေသည်။

၂၀၂၂ ခုနှစ်၊ မေလတွင်လည်း မြန်မာစစ်အုပ်စု ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်လင်းထွန်းအား အာဆီယံရဲတပ်ဖွဲ့၏ အမှုဆောင်ဒါရိုက်တာအဖြစ် ခန့်အပ်ခဲ့သည်။

မြန်မာနိုင်ငံနှင့် နိုင်ငံတကာအရပ်ဘက်အဖွဲ့အစည်းများက အာဆီယံ၏ စစ်အုပ်စုနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအပေါ် လူသိရှင်ကြားရှုတ်ချခဲ့ခြင်း၊ အာဆီယံကာကွယ်ရေးဝန်ကြီး များအစည်းအဝေး ၏ လုပ်ရှားဆောင်ရွက်မှုအားလုံးမှ စစ်အုပ်စုအား ဖယ်ရှားရန် တောင်းဆိုခြင်း၊ စစ်အုပ်စု ပါဝင်နေသည့် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး ဆောင်ရွက်ချက်များအပေါ် ဆန့်ကျင် သပိတ်မှောက်ရန် တိုက်တွန်းခြင်းတို့ကို အကြိမ်ကြိမ် ပြုလုပ်ခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင် မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ ရှင်းလင်းတင်ပြရာတွင် ထွန်းအောင်အား အာဆီယံ လေတပ်အကြီးအကဲများ ညီလာခံ သဘာပတိအဖြစ် ခန့်အပ်ခဲ့မှုအပေါ် "ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှု ကို ကျူးလွန်သူတွေဟာ အာဆီယံရဲ့ဦးစီးဦးဆောင်တာဝန်တွေကို ထမ်းဆောင်ဖို့ မသင့်ပါဘူး၊ သူတို့ကျူးလွန်ထားသည့် ရာဇဝတ်မှုတွေအတွက် ပြစ်ဒဏ်ကျခံဖို့သာ သင့်ပါတယ်" ဟု ဖော်ပြခဲ့ပြီး ပြစ်တင်ဝေဖန်ခဲ့သည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "အာဆီယံနဲ့ အဖွဲ့ဝင်နိုင်ငံတွေဟာ ဒီလေတပ်အကြီးအကဲများညီလာခံကို ကျင်းပဖို့ လုပ်ဆောင်နေတာ၊ စစ်အုပ်စုနဲ့ စစ်ဘက်၊ ရဲဘက် ထိတွေ့ဆက်ဆံနေတာတွေက မြန်မာပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်အပေါ် စာနာစိတ် ကင်းမဲ့တဲ့ လျစ်လျူရှုမှုကို ပြသနေတာ ဖြစ်ပါတယ်။ မြန်မာ့အကျပ်အတည်းကို ဘုံသဘောတူညီချက် ၅ ရပ်နဲ့ ဖြေရှင်းမယ်ဆိုတဲ့ အာဆီယံရဲ့ကိုယ်ပိုင်ကတိကဝတ်တွေကို သူတို့ကိုယ်တိုင် ဖောက်ဖျက်နေကြတာ ဖြစ်ပါတယ်။

အာဆီယံက စစ်ဘက်ဆိုင်ရာထိတွေ့ဆံမှုလုပ်ဆောင်တာဟာ နိုင်ငံရေးနဲ့ မသက်ဆိုင်တဲ့ လုပ်ငန်းဖြစ်ပြီး၊ လုပ်ငန်းနည်းနာအရ ပူးပေါင်းဆောင်ရွက်မှုသာ ဖြစ်တယ်လို့ ဆိုခဲ့ပါတယ်။ ဒါဟာ လုံးဝယုတ္တိမရှိတဲ့ ရပ်တည်ချက်သာဖြစ်ပြီး၊ စစ်ရာဇဝတ်ကောင်တွေကို အာဆီယံရဲ့ ပံ့ပိုးကူညီမှုတွေအတွက် ဒီလိုဆင်ခြေ ပေးလို့မရပါဘူး။

အာဆီယံအနေနဲ့ ကာကွယ်ရေးနဲ့လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေကတဆင့် စစ်ရာဇဝတ်ကောင်တွေကို ပံ့ပိုးကူညီနေတယ်၊ မြန်မာပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို အန္တရာယ်ဖြစ်စေပြီး မြန်မာ့အကျပ်အတည်းကိုလည်း ပိုမိုဆိုးဝါးစေတယ်ဆိုတာ ငြင်းလို့မရပါဘူး။

အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး သဘာပတိဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံအနေနဲ့ လေတပ်အကြီးအကဲများအစည်းအဝေးနဲ့ အကြမ်းဖက်မှုတန်ပြန်တိုက်ခိုက်ရေး မြေပြင်စစ်ရေး လေ့ကျင့်မှုကို ချက်ချင်းဖျက်သိမ်းရမှာ ဖြစ်ပြီး၊ အာဆီယံလုပ်ငန်းစဉ်အားလုံးကနေ စစ်အုပ်စုကို ဖယ်ရှားရမှာ ဖြစ်ပါ တယ်။

အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ လေတပ်အကြီးအကဲများအစည်းအဝေးကို ဆက်လက်ကျင်းပမယ် ဆိုရင် သပိတ်မှောက်ပြီး၊ တရားမဝင်စစ်အုပ်စု ပါဝင်နေတဲ့ ADMM လှုပ်ရှားမှုအားလုံးကို တက်ရောက်ဖို့ ငြင်းဆိုသင့်ပါတယ်” ဟု ပြောကြားခဲ့သည်။

## ပိုမိုသိရှိရန်

အာဆီယံအကြမ်းဖက်မှုတန်ပြန်တိုက်ခိုက်ရေးစစ်ရေးလေ့ကျင့်မှုအပေါ် ကျွန်ုပ်တို့၏ သတင်းထုတ်ပြန်ချက် ကို ယခုနေရာတွင် ဖတ်ရှုပါ။
ADMM အကြောင်း ကျွန်ုပ်တို့ စုံစမ်းရေးသားမှုကို ယခုနေရာတွင် ကြည့်ရှုပါ။

**Justice For Myanmar** | media@justiceformyanmar.org
https://www.justiceformyanmar.org/ | Mirror:
https://justiceformyanmar.github.io/justiceformyanmar.org/
https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ် ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။